

# မြန်မာသံတော်ဆင့်

နှင့်

# မောင်မိုးသူ

## အတွေးများ

# ပြောင်းလဲစရာတွေ အများကြီးနှင့် မောင်မိုးသူ

'ပြောင်းလဲချိန်တန်ပြီ' ဆိုတဲ့ ကြွေးကြော်သံနှင့် အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မဲရုံးများ ဆန္ဒမဲ့များ အရ NLD က နိုင်နေပါတယ်။ ဒါပေမဲ့လည်း ရွေးကောက်ပွဲ ကော်မရှင်က အတည်ပြုကြေညာပေးတာကို စောင့်ဆိုင်းနေရဆဲ ဖြစ်ပါတယ်။

မဲရုံများ စာရင်းအရ ဒီချုပ်က နိုင်နေပါပြီ။ ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာအတည်ပြုမှုပဲ လိုတော့တာ ဖြစ်ပါတယ်။

စစ်အစိုးရဟာ မဆလမှ သည် တစည ပြောင်းလဲခဲ့ပါတယ်။ တစညဟာ ရန်ပုံငွေပဲရှိပြီး လူမရှိတဲ့ ပါတီကြီးတစ်ခုလို ဖြစ်သွားခဲ့ပါတယ်။ ၂၀၁၀ မှာ တော့ အထိုက်အလျောက် ရခဲ့ဖူးပါသေးတယ်။

၂၀၁၅ မှာ တော့ ပါတီပေါင်း ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ အဓိကပြိုင်ဘက် ပါတီကတော့ လက်ရှိအာဏာရ ပြည်ခိုင်ဖြိုးပါတီနှင့် အတိုက်အခံ NLD တို့ အဓိကအားပြိုင်တဲ့ ပွဲ ဖြစ်ပါတယ်။ ပြည်ခိုင်ဖြိုးဟာ လက်ရှိအာဏာရပါတီလည်း ဖြစ်၊ အစိုးရလည်း ဖြစ်လေတော့ အာဏာအား၊ ငွေအား၊ လူအား အတောင့်တင်းဆုံး ဖြစ်ပါတယ်။ ကိုယ်စားလှယ်များ ရဲ့ ကုန်ကျစရိတ်ကို ပါတီက

ကျခံပါတယ်။ တစ်ဖက်က ဒီချုပ်ကတော့ ဘယ်သူ့ဘယ်ကိုယ်စားလှယ်မှ ထောက်ပံ့နိုင်ခြင်း မရှိပါ။ ကိုယ်စားလှယ်များက မိမိတို့ အရွေးခံမည့် ပြည်သူများ ထဲမှ ကောက်ခံကြရတာ ဖြစ်ပါတယ်။ မောင်မိုးသူရဲ့ ဘော်ဒါ စာရေးဆရာတချို့လည်း NLD က ကိုယ်စားလှယ်အဖြစ် အရွေးခံပါတယ်။ သူတို့အတော်ရုန်းကန်ကြရပါတယ်။

ဒီလို ဒီလိုနဲ့ နိုဝင်ဘာလ ၈ ရက်နေ့မှာ နိုင်ငံအဝန်း ကျင်းပပါတော့တယ်။ အထွေထွေရွေးကောက်ပွဲကြီး ဖြစ်မြောက်ခြင်းဟာ ပြည်သူလူထုရဲ့ နိုင်ငံရေး နိုးကြားမှု၊ သတ္တိရှိမှု၊ စည်းကမ်းထိန်းသိမ်းမှုကြောင့် ဖြစ်လို့ ပြည်သူလူထုကို အထူးဂုဏ်ပြုကြောင်း ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

ပြည်သူလူထုရဲ့ စိတ်အားထက်သန်မှုကတော့ အံ့ဩကုန်နိုင်ဖွယ်ပါပဲ။ ယခုမှ အသက် ၁၈ နှစ်ပြည့်လို့ ပထမဆုံးရွေးကောက်ပွဲကို မဲဆန္ဒပေးကြရတဲ့ လူငယ်လူရွယ်များ စိတ်အားထက်သန်မှုကို ရုပ်မြင်ဖန်သားပြင်ပေါ်မှာ တစ်ပြည်လုံးက လူငယ်လူရွယ်တွေ တက်ကြွတာကို တွေ့မြင်ရတဲ့ အပြင် သက်ကြီးရွယ်အိုများ ၊ လူတွဲနှင့် လာရသူတွေမှ အများကြီး အများကြီး ပါဝင်လာတာကို တွေ့ရပါတယ်။ အဲဒီမြင်ကွင်းကို တွေ့ရတော့ မောင်မိုးသူ သဘောပေါက်သွားပါတယ်။ ဘာသဘော ပေါက်သွားသလဲဆိုတော့ ရှစ်လေးလုံး အရေးတော်ပုံကာလမှာ တစ်ပြည်လုံး လမ်းပေါ် ထွက်ခဲ့ကြသလို အခု ၂၀၁၅ မှာ မဲပေးနိုင်သူတိုင်း မဲရုံကို ထွက်လာကြတာကိုးလို့ ပါပဲ။ မဲဆန္ဒပေးကြသူများ ဟာ တက်ကြွစိတ်အားထက်သန်တယ်၊

ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ရှိကြတာကို တွေ့ရပါတယ်။

ဒီနေရာမှာ အထူးအံ့သြစရာ ရှိတာကတော့ တစ်ပြည်လုံးအနှံ့ အင်အား တောင့်တင်းလှပါတယ် ဆိုတဲ့ ပြည်ခိုင်ဖြိုးပါတီဟာ ပါတီပူးတွဲဥက္ကဋ္ဌ ဦးဌေးဦး မျှော်လင့်ထားသလို၊ ယုံကြည်ထားသလို ၈၀ ရာနှုန်း မဲမရတဲ့ အပြင် အပြတ်အသတ် ရှုံးနိမ့်တာပဲ ဖြစ်ပါတယ်။ ထူးထူးဆန်းဆန်း ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်လောင်းဟာ တစ်မဲမှ မရဘဲ သုညမဲဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို တွေ့လိုက်ရခြင်းပါပဲ။ ဒါကို ထောက်ရှုရင် ပြည်ခိုင်ဖြိုးဟာ ယုံကြည်ချက်နှင့် စည်းရုံးထားတဲ့ ပါတီဝင်တွေ ရှိမနေဘူးဆိုတာ အထင်အရှား ပြသလိုက်တာပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် NLD ကတော့ အနိုင်ရသွားပြီ ဖြစ်ပါတယ်။ နိုင်ငံရေး ဝေဖန်သုံးသပ်သူများကတော့ NLD ဟာ ၂၀၀၈ အခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်ဟာ သမ္မတ ဖြစ်လာခွင့် မရှိပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကတော့ သမ္မတ မဖြစ်သည့် တိုင် အစိုးရကို ဦးဆောင်ပြီး ဖွဲ့စည်းမယ်လို့ ပြောထားတာ ရှိပါတယ်။

တစ်ချိန်တည်းမှာ လွှတ်တော်ထဲမှာ ရွေးကောက်တင်မြှောက်စရာ မလိုဘဲ အလိုအလျောက် ရောက်ရှိနေတဲ့ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာနှုန်းကိုလည်း ဒီအတိုင်းပဲ ဆက်ထားမှာ လို့ ဆိုပါတယ်။

အဲဒီ ၂၅ ရာနှုန်းက စစ်တပ်ကိုယ်စားလှယ်များ ဟာ ပူးပေါင်းစရာ သူ့ရဲ့ အဓိက လုပ်ဖော် ကိုင်ဖက်ဖြစ်တဲ့ တစ်ပါတီတည်းဖြစ်တဲ့ ပြည်ခိုင်ဖြိုးက လွှတ်တော်ထဲကို အင်မတန်နည်းတဲ့ အရေအတွက်နဲ့ ရောက် လာလေတော့ ဘာလုပ်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။

အနိုင်ရဖို့ များ နေတဲ့ ဒီချုပ်ကလည်း ပြောင်းလဲချိန်တန်ပြီလို့

ကြွေးကြော်စည်းရုံးခဲ့တာလေ။ မဲဆန္ဒရှင်တွေကတော့ တစ်ခဲနက် ဆန္ဒမဲတွေ ပေးပြီး ပြောင်းလဲဖို့ လိုလားကြောင်း ပြောင်းလဲချင်လှပါပြီလို ပြသလိုက်ကြပါပြီ။ ဒီတော့ ပြောင်းလဲဖို့ တာဝန်က NLD ရဲ့ ကိုယ်စားလှယ်များ ရဲ့ တာဝန် ဖြစ်လာပါတော့တယ်။

အစိုးရသစ် ပြောင်းလဲစရာတွေက အများကြီး အများကြီး ဖြစ်နေပါတော့တယ်။ နှစ်ပေါင်း ၅၀ ကျော် မြန်မာနိုင်ငံဟာ ဆင်းရဲတွင်း နစ်ခဲ့ပြီး နိမ့်ကျ ပျက်စီးသွားခဲ့ကြတာတွေကတော့...

၁။ စီးပွားရေး၊

၂။ ကျန်းမာရေး၊

၃။ ပညာရေး၊

၄။ တရားစီရင်ရေး၊

၅။ စီမံအုပ်ချုပ်ရေး တို့ ဖြစ်ပါတယ်။

အဲဒါ အဲဒါတွေအားလုံးဟာ ပြုပြင်ပြောင်းလဲဖို့ အရမ်းအရမ်းလိုအပ်နေတာတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံလို့ အားလုံး အသိအမှတ်ပြုထားကြပါတယ်။ ဒါပေမဲ့ လယ်တွေယာတွေကို အသိမ်းခံရလို့ အိမ်နီးနားချင်းနိုင်ငံတွေကို ရွှေ့ပြောင်းလုပ်သားများ အဖြစ် သွားရောက် လုပ်ကိုင်နေကြရတာ ၄-၅-၆ သန်းအထိ ရှိတယ်လို့ ဆိုပါတယ်။ အသိမ်းခံလယ်မြေတွေ ပြန်လည်ရလိုမှုနှင့် တိုက်ပွဲဝင်တောင်းဆိုမှုတွေ အများကြီး အများကြီး ရှိနေပြီး ဖမ်းဆီး ထောင်ချတဲ့ နည်းနှင့် ဖြေရှင်းခဲ့တာတွေ့ရ။

တောင်သူလယ်သမားများ လယ်ယာမြေပြန်လည်ရရှိရေး၊ တောင်သူလယ်သမားများ လယ်ယာလုပ်နိုင်ရေး၊ နောက်ခေတ်မီတိုးတက်တဲ့ လယ်ယာစိုက်ပျိုးရေးကို ပြုစုပျိုးထောင် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဗီယက်နက်နိုင်ငံဟာ စိုက်ပျိုးရေးမှာ ခေတ်မီစွာ လုပ်ဆောင်နိုင်ခဲ့တဲ့ အတွက် ဆန်ထုတ်လုပ်မှုမှာ ရှေ့ဆုံးရောက်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ပြီး တောင်သူလယ်သမားများကို ပြည်တွင်းမှာ ပြန်လည်ရောက်ရှိအောင် လုပ်ကြရမှာ ဖြစ်ပါတယ်။

ပြည်ပရောက် ရွှေ့ပြောင်းလုပ်သားတွေဟာ ထိုင်းနိုင်ငံတစ်ခုတည်းမှာ ပဲ ၄ သန်းလောက် ရှိတယ်လို့ ဆိုပါတယ်။ အဲဒီအထဲမှာ စက်ရုံအလုပ်ရုံတွေမှာ လုပ်ကိုင်ကြတာ ဖြစ်ပါတယ်။ ဒီနေရာမှာ လည်း ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ ရရှိတဲ့ လစာဝင်ငွေဟာ မြန်မာနိုင်ငံမှာ ရှိတဲ့ စက်ရုံများက ဝန်ထမ်းများ ရဲ့ လစာဝင်ငွေဟာ ကွာဟနေပြီး ဆန္ဒပြမှု တောင်ဆိုမှုများ ဖြစ်ပွားနေပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားတွေထဲမှာ ငါးဖမ်းရေလုပ်သားများ ပါဝင်ပါတယ်။ ထိုင်းနိုင်ငံရဲ့ ငါးဖမ်းလုပ်ငန်း လုပ်သားတွေထဲမှာ မြန်မာရွှေ့ပြောင်းလုပ်သား တော်တော်များများ ပါဝင်နေတာကို တွေ့ရပါတယ်။ အဲဒီငါးဖမ်းလုပ်သားတွေရဲ့ လုပ်ခလစာများ ဟာ မျှတရဲ့ လား၊ ရပ်တည်နိုင်တဲ့ အနေအထား ရှိရဲ့ လားဆိုတဲ့ ပြဿနာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကိစ္စဟာ

မြန်မာနိုင်ငံရဲ့ လုပ်သားရင်းမြစ် ဆုံးရှုံးမှု ဖြစ်ပါတယ်။ ထိုင်းနိုင်ငံတစ်ခုတည်းရှိ ရွှေ့ပြောင်းလုပ်သားတွေဟာ မလေးရှား နိုင်ငံမှာလည်း မြန်မာရွှေ့ပြောင်းလုပ်သားတွေ အများကြီး အများကြီးပါ။ ရာဘာစိုက်ပျိုးရေးခြံတွေ၊ စက်ရုံတွေမှာ အများကြီး ဖြစ်ပါတယ်။ အဲဒီရွှေ့ပြောင်း လုပ်သားတွေဟာလည်း မြန်မာနိုင်ငံရဲ့ လူသားရင်းမြစ်ဆုံးရှုံးမှုပဲ ဖြစ်ပါတယ်။

ဒီ ကြား ထဲ မှာ တရားမဝင်ရွှေ့ပြောင်းလုပ်သားတွေကို အကြောင်းပြုပြီး လူကုန်ကူးမှုများ လည်း အများကြီး အများကြီး တွေ့ရှိရပါတယ်။ အင်ဒိုကျွန်းတစ်ခုမှာ ဖမ်းမိထားတဲ့ လူကုန်ကူးခံရတဲ့ မြန်မာများ မြန်မာပြည်ပြန်ရောက်အောင် စီစဉ်ပေးရတဲ့ သတင်းတွေလည်း တွေ့ရှိရပြီး ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာတော့ မြန်မာများ ဟာ ပေါ်လီတက်ဆိုတဲ့ ကျောင်းတွေထက် အဲဒီက ဒီပလိုမာရတော့ စင်ကာပူနိုင်ငံက အဲဒီဒီပလိုမာရသူများကို P.R ပေးပြီး အလုပ်ပေးလိုက်တော့ မြန်မာ ကျောင်းသူကျောင်းသားတွေဟာ စင်ကာပူပေါ်လီတက်တုန်းကလည်း ကုန်ကျစရိတ်တွေခံခဲ့ရပြီး သင်ကြားရတာပါ။ အဲဒီက ဒီပလိုမာရပြီး P.R စင်ကာပူ အလုပ်ရလေတော့ မြန်မာနိုင်ငံအတွက် လူသားရင်းမြစ် ဆုံးရှုံးမှုဟာ ငွေရောလူပါ ဆုံးရှုံးတဲ့ အတွက် မိအေး ၂ခါနာ ဖြစ်ရပါတယ်။

ကိုရီးယားမှာလည်း မြန်မာတရားဝင် လုပ်သားတွေ ရှိပါတယ်။

ထိုနည်းတူ ဂျပန်မှာလည်း ရှိပါတယ်။ အဲဒီဆုံးရှုံးရတဲ့ လူသားရင်းမြစ်တွေကို ဘယ်လိုပြုပြင်ပြောင်းလဲကြရမလဲ ဆိုတာ 'ပြောင်းလဲရမည့် ကိစ္စတွေထဲက တစ်ခုဖြစ်ပါတယ်'

# ရွေးကောက်ပွဲအလွန်နှင့် မောင်မိုးသူ

နိုဝင်ဘာလ ၈ ရက်နေ့မှာ မြန်မာနိုင်ငံမှာ အထွေထွေ ရွေးကောက်ပွဲကြီး ပြုလုပ် ကျင်းပခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲဟာ ပါတီပေါင်း ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြတယ် ဆိုပေမယ့် တကယ့်တကယ်ကတော့ လက်ရှိ အာဏာရပါတီကြံ့ခိုင်နှင့် NLD တို့ ယှဉ်ပြိုင်ကြရတာလို့ ဆိုပါတယ်။ ဒီရွေးကောက်ပွဲဟာ ပြည်သူလူထုက အတက်ကြွဆုံး၊ စိတ်အားထက်သန်မှုအရှိဆုံး ရွေးကောက်ပွဲကြီးပါပဲ။ နိုင်ငံတကာ စောင့်ကြည့်တဲ့ သူတွေ၊ ပြည်တွင်းက စောင့်ကြည့်တဲ့ သူ တွေ အ ကြား မှာ မဲဆန္ဒရှင် ပြည်သူလူထုကတော့ အလွန်စိတ်အားထက်သန်စွာ၊ စည်းကမ်းရှိစွာ၊ တက်ကြွစွာ မဲဆန္ဒတွေကို တစ်ခဲနက် မဲပေးခဲ့ကြပါတယ်။ မဲစာရင်းမပြည့်စုံတာတွေ၊ မဲမပေးရတဲ့ လူတွေ ရှိတန်သလောက် ရှိပေမယ့် ရှိသမျှလူကုန်နှင့် ပေးနိုင်ခွင့် အပြည့်အစုံကို အရအမိ ဆုပ်ကိုင်ပြီး မဲပေးကြပါတယ်။ မဲစာရင်းတွေ ရေတွက်လိုက်တဲ့ အခါမှာ ကိုယ်စားလှယ်လောင်း အနည်းငယ် ကျန်သေးတာကလွဲရင် NLD က အများ စု အနိုင်ရပါတယ်။ ၁၅ ရက်နေ့ နောက်ဆုံး သတင်းကြေညာချက်တွေအရ ပြည်သူ့လွှတ်တော်နေရာက ၃၃၀ ရှိပါတယ်။ NLD က ၂၅၅ နေရာ ရပါတယ်။ ကြံ့ခိုင်က ၂၉ ပဲ အနိုင်ရပါတယ်။ အမျိုးသားလွှတ်တော် ၁၆၇ နေရာ၊ NLD က ၁၃၅ နေရာ၊ ကြံ့ခိုင်က ၁၂ နေရာ အနိုင်ရပါတယ်။

ဒီတော့ NLD က အစိုးရဖွဲ့စည်းနိုင်တဲ့ အနေအထား ရှိနေပါတယ်။ ဒီအောင်ပွဲဟာ ပြည်သူလူထုရဲ့ အောင်ပွဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မေတ္တာအောင်ပွဲပဲ ဖြစ်ပါတယ်။ NLD နှင့် ဒေါ်အောင်ဆန်းစုကြည် အနိုင်ရတဲ့ အတွက် သမ္မတကြီး ဦးသိန်းစိန်၊ ကာချုပ် မင်းအောင်လှိုင်တို့ က ဝမ်းသာကြိုဆိုခဲ့သလို နိုင်ငံတကာ ခေါင်းဆောင်များကလည်း ဝမ်းမြောက်ဂုဏ်ပြုသဝဏ်လွှာတွေ ပေးပို့ခဲ့ကြပါတယ်။ အနိုင်ရ ဒေါ်အောင်ဆန်း စုကြည်ကလည်း သမ္မတကြီး ဦးသိန်းစိန်၊ ကာချုပ် မင်းအောင်လှိုင်နှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းတို့ နှင့် တွေ့ဆုံကြဖို့ ခွင့်တောင်းထားခဲ့ပြီး ၃ ဦးစလုံးကလည်း ရွေးကောက်ပွဲစာရင်း ပြည့်စုံပြီးတဲ့ နောက် တွေ့ဆုံကြဖို့ သဘောတူထားကြပြီး ဖြစ်ပါတယ်။

သမ္မတကြီး ဦးသိန်းစိန်က နိုင်ငံရေးအဖွဲ့အစည်းများ နှင့် တွေ့ဆုံရာမှာ အစိုးရသစ်ထံ အာဏာလွှဲပြောင်းရေး မစိုးရိမ်ကြရန်နှင့် သတ်မှတ်ချိန်အတွင်း စနစ်တကျ ချောမွေ့စွာ လွှဲပြောင်းမည်ဟု ပြောကြားခဲ့ပါတယ်။

အားလုံး အခြေအနေကတော့ ချောမွေ့ပြေပြစ်နေတဲ့ သဘောဆောင်နေပါတယ်။ ဒါတွေအားလုံးဟာ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ စာရင်းအားလုံး ကြေညာပြီးတဲ့ နောက်မှ ဖြစ်လာမှာပါ။ ဒီကြားထဲမှာ ကန့်ကွက်လိုသူများ ၄၅ ရက်အတွင်း ကန့်ကွက်နိုင်တယ်လို့ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာပါတယ်။ ယခုအချိန်ထိတော့ ကန့်ကွက်လွှာ တင်သွင်းထားတာ မရှိသေးကြောင်းလည်း ပြောပါတယ်။

ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးဟာ သူ့ကိုယ်သူ ဒဏ်ရာဗရပွနှင့် ပုဂ္ဂိုလ်တို့ တင်စားပြောဆိုထားပါတယ်။ အဲဒီလို

ဒဏ်ရာဗရပွ ဖြစ်ပေါ်လာတာတွေဟာ မည်သူမပြု မိမိမှုဆိုသလို ရွေးကောက်ပွဲတွေကို ရှုပ်ထွေးခက်ခဲအောင် လုပ်ခဲ့တာ၊ မဲဆန္ဒရှင်များ စာရင်း ကြေညာရာမှာလည်း တလွဲလွဲ အမှားမှားတွေ ရှိခဲ့လို့ သာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒါပေမဲ့ ၂၀၁၅ ရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ချောချောမောမော ပြုလုပ်ကျင်းပနိုင်တဲ့ အတွက် နိုင်ငံတကာက ချီးကျူးခဲ့ကြပါတယ်။

အဲဒီအချိန်မှာ ရွေးကောက်ပွဲကို ပြုလုပ်ကျင်းပပေးတဲ့ ကော်မရှင်က ရွေးကောက်ပွဲမှာ စိတ်အားထက်သန်စွာ စည်းစနစ်ကျစွာ မဲရုံက ၆ နာရီဖွင့်မှာကို ၄ နာရီကတည်းက လာရောက်တန်းစီကြတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အံ့ဖွယ်လုပ်ဆောင်ချက်တွေ ဖြစ်ကြပါတယ်။ မဲမပေးလိုက်ရတဲ့ လူတွေကလည်း ယူကျုံးမရ မကျေမချမ်း ပြောဆိုသံများကိုလည်း ကြားရပါတယ်။

စိတ်အားထက်သန်မှု၊ စည်းစနစ်ကျမှုတွေကြောင့် ဒီရွေးကောက်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့တယ်လို့ မောင်မိုးသူ ပြောချင်ပါတယ်။

အဲဒီမဲဆန္ဒရှင်ပြည်သူတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စကားကို ဘယ်လောက်များ နားထောင်လိုက်ပါသလဲဆိုရင် ရွေးကောက်ပွဲအကြိုကာလမှာ တစ်ပြည်လုံး ရဲရဲတောက် အနီရောင်ဖုံး၊ အနီရောင်အလံ၊ အနီရောင်ဝတ်စုံ၊ အနီရောင်ခေါင်းစည်းများ နှင့် ရဲရဲတောက်ခဲ့ကြတဲ့ ပြည်သူမဲဆန္ဒရှင်များ ဟာ ရွေးကောက်ပွဲကာလမှာ ဝတ်ရုံ၊ အလံ၊ ရင်ထိုးတောင် မထိုးခဲ့ကြတာကို အဲဒီမှာ တွေ့ရှိခဲ့ပါတယ်။ ဒါတွေဟာ ပြည်သူရဲ့ စည်းကမ်းရှိမှု၊ စိတ်ဓာတ်ထက်သန်မှုကို

ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ အနှစ် ၅၀ ကျော် ဖိနှိပ်၊ နှိပ်စက်မှုကို ခံခဲ့ရတဲ့ ပြည်သူတွေဟာ သူတို့ ရဲ့ ရင်ထဲက ဆန္ဒတွေကို မဲပုံးထဲမှာ မဲထည့်ပြီး ပြသလိုက်တာပဲ ဖြစ်ပါတယ်။

ဒါတင်လားဆိုတော့ မကသေးဘူးခင်ဗျ၊ ဒေါ်အောင်ဆန်းစုကြည်က အနိုင်ရ ရွေးကောက်ပွဲ အောင်ပွဲများ မကျင်းပကြဖို့ နှိုးဆော်ခဲ့တာကိုလည်း ပြည်သူများက သူတို့ ရင်ထဲက ဖြစ်ပေါ်နေတဲ့ ပီတိလှိုင်းတွေကို ထိန်းချုပ်နိုင်ခဲ့ကြတာကို တွေ့မြင်ရပါတယ်။

ရွေးကောက်ပွဲဟာ နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပပြီးခဲ့ပါပြီ။ အနိုင်ရမဲစာရင်းများကို ကြေညာပေးပါ့မယ်ဆိုတဲ့ ကော်မရှင်ဟာ ၉၀ ရာခိုင်နှုန်းကျော် ကြေညာပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ ၅ နှစ်သက်တမ်း လက်ကျန်လွှတ်တော် အစည်းအဝေးကို ပြုလုပ် ကျင်းပနေပါတယ်။ အဲဒီအစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက သူနှင့် တကွ ကိုယ်စားလှယ်အများစုဟာ ရွေးကောက်ပွဲမှာ ‘ရှုံးနိမ့်’ ခဲ့တဲ့ အတွက် နောက်လာမည့် လွှတ်တော်မှာ ပါဝင်နိုင်တော့မှာ မဟုတ်ပါဘူး။ ကျန်ရှိနေတဲ့ လွှတ်တော်သက်တမ်းအတွင်း အကောင်းဆုံး လုပ်ဆောင်ကြဖို့ တိုက်တွန်းခဲ့တာကို တွေ့ရပါတယ်။

၅ နှစ်သက်တမ်း နောက်ဆုံးရက်တွေမှာ ဘတ်ဂျက်တွေ၊ အစိုးရဝန်ကြီး အဖွဲ့တွေရဲ့ တင်ပြမှုတွေကို အတည်ပြုရမှာ ဖြစ်ပါတယ်။ ကာတွန်းဆရာ တစ်ယောက်ကတော့ တောင်လိုပုံနေတဲ့ အမှိုက်ပုံကြီးကို အစိုးရသစ်ဖြစ်လာမည့် ဒေါ်အောင်ဆန်းစုကြည်ကို လွှဲပေးနေတာကို ဆွဲထားတာ တွေ့ရပါတယ်။

နောက်တစ်ခု အပစ်အခတ်ရပ်စဲရေးနှင့်

ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် တိုင်းရင်းသား လက်နက်ကိုင် ၁၇ ဖွဲ့ထဲက ၈ ဖွဲ့က လက်မှတ်ရေးထိုးထားကြပြီး ဖြစ်ပါတယ်။ ဒီကော်မတီကကျန်တဲ့ အဖွဲ့တွေပါလာဖို့ ဆောင်ရွက်ကြမယ်လို့ ပြောနေကြပါတယ်။ တစ်ချိန်တည်းမှာ စစ်ပွဲဖြစ်နေတဲ့ ရှမ်းမြောက်မှာ တပ်မတော်က ရဟတ်ယာဉ်များ နှင့် ဗုံးကြဲတိုက်ခိုက်တဲ့ မြင်ကွင်းတွေကိုလည်း တွေ့မြင်နေရပါတယ်။ ဒီနေ့ခေတ်က အိုင်တီခေတ်၊ ဖေ့စ်ဘုတ်ခေတ် ဖြစ်လေတော့ လက်ကိုင်ဖုန်းနှင့် ပဲပုံများကို ရိုက်ပြီး အင်တာနက်ပေါ် တင်ပြနိုင်တာတွေ ရှိနေပြီလေ။ ဘယ်ကိစ္စမှ ဖုံးကွယ်ထားလို့ ရတော့မှာ မဟုတ်ပါဘူး။ အဲဒီအပစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဦးဆောင်သူက ဒုသမ္မတ စိုင်းမောက်ခမ်း ဖြစ်ပါတယ်။ စိုင်းမောက်ခမ်းဟာ ၂၀၁၅ ရွေး ကော က် ပွဲ မှာ ကြိုတင်မဲနှင့် နိုင်လာသူဟု ပြောဆိုခံထားရသူ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာ ဦးစီးဆောင်ရွက်တဲ့ ဝန်ကြီးဦးအောင်မင်းဟာ ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့ပါတယ်။ ဒီလုပ်လက်စ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲဟာလည်း နောက်အစိုးရသစ်လက်ထဲ လွှဲပေးရဦးမယ့်ပုံလိုလို ဖြစ်နေဆဲပါပဲ။

နောက်ဆုံး ၂ လ အစိုးရမှာ သူ့တာဝန်များကို လက်စသတ်ရမှာ ဖြစ်သလို နောက်တက်မည့် အစိုးရသစ်ကလည်း အဲဒီနှစ် ၅၀ ကျော် အရှုပ်တော်ပုံ၊ အမှိုက်ပုံကြီးကို လက်ခံရမှာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ ကိုယ်စားလှယ်များကို ဝန်ကြီး၊ ဒုဝန်ကြီးနေရာများကို မှန်းဆမနေဖို့ ပြောပါတယ်။ ဟုတ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကြီးမှူးဖွဲ့စည်းရမည့် အစိုးရအဖွဲ့သစ်ဟာ အလွန်ကျစ်လျစ်တဲ့ ဝန်ကြီးအဖွဲ့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့

လွှတ်တော်အစိုးရရဲ့ ဝန်ကြီးအဖွဲ့ဟာ အမေရိကန်ပြည်ထောင်စုဝန်ကြီးအဖွဲ့ထက် အရေအတွက်များ ပြားခဲ့တာကို တွေ့ခဲ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဝန်ကြီးအဖွဲ့ကို အကျစ်လျစ်ဆုံး၊ ကုန်ကျစရိတ် အနည်းဆုံး အသုံးပြုဖို့ လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ လစာကို ၁၀ သိန်းဆိုတာလည်း များတယ်လို့ ဝေဖန်နေကြတာတွေ ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ် ၅၀ အတွင်း စစ်အစိုးရအဆက်ဆက်နှင့် လွှတ်တော်အစိုးရထိ 'ပကာသနပွဲလမ်း' များကို ငွေကုန်ကြေးကျအများ ဆုံး ငွေကုန်လူပန်းခံပြီး လုပ်ဆောင်ခဲ့ကြပါတယ်။

ဥပမာ ပြောရရင် တောင်ကြီးမီးပုံပျံပွဲကို ၁၈ ရက်နေ့မှာ ပြိုင်ပွဲဝင်မီးပုံးပျံများ ဘယ်လောက်ဆိုပြီး ပြောနေပါတယ်။ ၁၇ ရက်နေ့မှာ ပဲ မီးပုံးပျံ ၂ လုံး ပေါက်ကွဲပြီး တိုက်တစ်လုံး လူ ၂ ဦးလား၊ ၃ ဦးလား သေဆုံးရတာကို သတင်းထဲမှာ ကြားလိုက်ရပါတယ်။ တန်ဆောင်တိုင်ပွဲဟာ ဘာသာရေးပွဲပဲ ဖြစ်သင့်ပါတယ်။ ရိုး ရာ ဘာ သာ ရေး ပွဲ များ မှာ ဘာသာရေးပွဲများ အသွင်ထက် ပကာသနတွေ၊ ပျော်ပွဲတွေလို ဖြစ်လာခဲ့တာကြာပေါ့။

သင်္ကြန်ဆိုရင် အလွန်အဖိုးတန်တဲ့ ရေတွေ ဖြုန်း၊ ခေတ်လွန်အဝတ်အစား၊ အကအခုန်တွေနှင့် လွှမ်းခြုံခဲ့တာ ကြာပေါ့။ ဒါတွေ ဒါတွေ ဒေါ်အောင်ဆန်းစုကြည် ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံ၊ ပန်ကြားချက်ဆိုရင် ပြည်သူတွေက အလေးအနက် လိုက်နာကြတာ ဖြစ်လေတော့ ပကာသနတွေလျှော့ပြီး ဘာသာရေးအနှစ်သာရရှိတဲ့ ဘာသာရေးပွဲတွေ ဖြစ်အောင် လှုံ့ဆော်ရမှာ ဖြစ်ပါတယ်။

**အတွဲ (၄)၊ အမှတ် (၃၇)**

# ရွေးကောက်ပွဲအလွန်(၂)နှင့် မောင်မိုးသူ

၂၀၁၅၊ နိုဝင်ဘာ ၈ ရက်မှာ ရွေးကောက်ပွဲကြီး ပြုလုပ်ကျင်းပခဲ့ပါတယ်။ ၂၇ ကြိမ်မြောက် အာဆီယံထိပ်သီးခေါင်းဆောင်များက မြန်မာ့ရွေးကောက်ပွဲအပေါ် ချီးကျူးစကား ပြောကြားခဲ့ပါတယ်။ အာဆီယံအသိုက်အမြုံ ထူထောင်ခြင်း ကွာလာလမ်ပူ ကြေညာချက်ကို ခေါင်းဆောင်များ လက်မှတ်ရေးထိုးကြပါတယ်။

ရွေးကောက်ပွဲနှင့် မောင်မိုးသူ ဆောင်းပါးများ ရေးခဲ့တဲ့ မောင်မိုးသူလည်း ရွေးကောက်ပွဲ အလွန်နှင့် မောင်မိုးသူ ဆောင်းပါးများကို တော်တော်ရှည်ရှည် ရေးရဦးမည့် ပုံ ဖြစ်နေပါတယ်။

၂၀၁၅ ရွေးကောက်ပွဲအား ရွေးကောက်ပွဲကော်မရှင်ရဲ့ ရှုပ်ထွေးခက်ခဲသော မဲပေးစနစ်၊ မဲဆန္ဒရှင်များ ပြည့်စုံစွာ မကြေညာနိုင်ခြင်း၊ မဲပေးခွင့်မရရှိသူများ အများ အပြား ကျန်ရှိနေသည့်ကြားမှ မြန်မာပြည်သူများက တစ်ခဲနက် စည်းစနစ်ကျစွာ၊ စိတ်အားထက်သန်စွာ မဲဆန္ဒ ပေးခဲ့ကြသောကြောင့် ‘ပြောင်းလဲချိန်တန်ပြီ’ ဆိုတဲ့ NLD ရဲ့ ကြွေးကြော်သံကို ကျေနပ်ပြီး သူတို့ကိုယ်တိုင်ကလည်း ပြောင်းလဲခြင်းကို လိုလားလှပါကြောင်း ပြသသည့် အနေဖြင့် မဲဆန္ဒများ တစ်ခဲနက်ပေးခဲ့ကြရာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က

လွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်း အနိုင်ရရှိခဲ့ပြီး လက်ရှိအာဏာရပါတီ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီကို အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အရွေးခံရတဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်များကို ရွေးကောက်ပွဲ ကော်မရှင်က ကြေညာခြင်းကို နှစ်ပတ်စောင့်ဆိုင်းကြရပါတယ်။ ပြီးနောက် ၄၅ ရက်အတွင်း ကန့်ကွက်ခြင်းများကို စောင့်ဆိုင်းကြရပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲအလွန် ဆောင်းပါးတွေက အများကြီး အများကြီး ရေးဖို့ ရှိနေတာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲအနိုင်ရတာနဲ့ ဒေါ်အောင်ဆန်းစုကြည်က သမ္မတဦးသိန်းစိန်၊ ကာချုပ် မင်းအောင်လှိုင်၊ လွှတ်တော်ဒုဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ နှင့် တွေ့ဆုံကြဖို့ စာပို့ခဲ့ပါတယ်။ ယခုအချိန်ထိတော့ ဦးရွှေမန်းနှင့် ပဲ ၂ ကြိမ်လောက် တွေ့ခဲ့ရတယ်နဲ့ တူပါတယ်။

သမ္မတ ဦးသိန်းစိန်ကတော့ အာဆီယံ အစည်းအဝေး တက်ဖို့ သွားတုန်း ကုလသမဂ္ဂ အတွင်းရေးမှူး ဘန်ကီမွန်းက ရွေးကောက်ပွဲ အောင်မြင်အောင် လုပ်ဆောင်နိုင်တဲ့ အတွက် ချီးကျူးကြောင်း ပြောကြားပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဖို့ နှင့် ချောမွေ့စွာ အာဏာ လွှဲပြောင်းရေးလုပ်ဖို့ တိုက်တွန်းလိုက်ဆိုပဲ။ အမေရိကန်သမ္မတ အိုဘားမားကလည်း အစိုးရသစ်အဖွဲ့ မဖွဲ့မီ မြန်မာပြည်လာဖို့ တကဲကဲ လုပ်နေပါတယ်။

နေ ပြ ည် တော် မှာ လည်း ဂျပန်သံအမတ်ကြီးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အောင်မြင်မှုကို ဂုဏ်ပြုစကား ပြောရင်း ဂျပန်ဝန်ကြီးချုပ်က ဒေါ်အောင်ဆန်းစုကြည်ကို ဂျပန်လာရောက်ဖို့

ဖိတ်ကြောင်း ကမ်းလှမ်းခဲ့ပါတယ်။ နေပြည်တော်မှာ သံတမန်အဖွဲ့ပေါင်း ၄၁ ဖွဲ့၊ ပုဂ္ဂိုလ်ကလည်း ၅၀ ကျော်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံကြပြီး တရားဥပဒေစိုးမိုးရေး ကိစ္စတွေကို ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးကြဖို့ လက်နက်ကိုင် အဖွဲ့အစည်း အစုံနှင့် သဘောတူကြပြီးဖြစ်ပေမယ့် လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေတဲ့ အဖွဲ့အစည်းတွေကလည်း ရှိနေပြန်ပါတယ်။ အဲဒီဆွေးနွေးပွဲတွေ ဆက်လက်လုပ်ကြဖို့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေအဖြစ် NLD က ၂ ဦး၊ ကြံ့ခိုင်က ၂ ဦးနှင့် ကျန်တဲ့ ကိုယ်စားလှယ် စုစုပေါင်း ၁၆ ဦး ရွေးချယ်တွေ့ဆုံဖို့ စီစဉ်နေကြပါတယ်။

လ က် မှ တ် ရေး ထိုး ရာ မှာ မပါဝင်တဲ့ ကေအိုင်အေနှင့် ရှ မ်း မြော က် ဒေ သ တွေ မှာ တိုက်ပွဲတွေဖြစ်ပြီး မြန်မာစစ်တပ်က လေကြောင်းတိုက်ခိုက်မှုတွေ၊ တင့်ကားတိုက်ခိုက်မှုတွေ လုပ်ကြလို့ စစ်ရှောင်ပြည်သူများ မိုးညှင်းတို့ ၊ လားရှိုးတို့ အထိ ရောက်လာတာကို တွေ့ရပါတယ်။ တစ်လောက အလယ်ပိုင်းတိုင်းမှူးက တိုက်ပွဲတွေ ရပ်ထားသည့် သဘော ပြောသံကြားရပြီး၊ ရှမ်းမြောက်က ကိုယ်စားလှယ် ၂ ဦး နေပြည်တော် လာရောက်ဆွေးနွေးဖို့ လာမည့် နေ့အကြောင်း ကြားရတာနှင့် တစ်ဆက်တည်းမှာ ပဲ တိုက်ပွဲတွေ ဆက်ဖြစ်တဲ့ သတင်းတွေ ကြားရ၊ စစ်ရှောင်ပြည်သူတွေကို ကူညီထောက်ပံ့ကြဖို့ လူငယ်များ တေးသီချင်းဆို ဖျော်ဖြေပွဲတွေ ပြုလုပ်ပြီး ရန်ပုံငွေတွေ ကောက်ခံနေကြတာကို တွေ့ရပါတယ်။

ရွေး ကော က် ပွဲ လွ န် ကာ လ မှာ ဖြစ်ပျက်တွေ့ကြုံနေရတဲ့

ပြဿနာတချို့တလေပဲ ဖြစ်ပါတယ်။ ဒီကြားထဲမှာ သမ္မတက ဘယ်သူ ဖြစ်မှာလဲဆိုတဲ့ အတိတ်စိမ်းကောက်နေကြသူတွေကလည်း တစ်ပုံတစ်ခေါင်း။

အရင်အစိုးရလက်ထက်က နိုင်ငံရေး၊ စီးပွားရေး အကြံပေးလုပ်ခဲ့ကြသူများကလည်း အစိုးရသစ်က ဘာလုပ်မှာလဲ၊ ညာလုပ်မှာလဲ၊ အုပ်ချုပ်ရေးက ဘယ်လို၊ စီးပွားရေးက ဘယ်နှယ်လို့ သူတို့ ဖတ်ဖူးမှတ်ဖူးတဲ့ စာအုပ်တွေထဲက စကားလုံးတွေကို ရေရွတ်ပြီး မင်းရဲ့ ဆရာ မင်းရဲ့ ပရောဟိတ် လုပ်ချင်နေကြပုံ ရပါတယ်။

သူတို့ သူတို့ က လေကိုဖမ်း ဒန်းစီးပြီး ပြောချင်ရာပြောနေကြတာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က အစစအရာရာ ပြင်ဆင်လုပ်ကိုင် စီစဉ်ပြီးသား ဖြစ်ပါတယ်။ NLD က ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရလိုက်လို့ အောင်ပွဲမခံကြဖို့ ပြောလိုက်တာကိုပဲ ကြည့်ရင်လည်း အများ ပြည်သူကလည်း ဒေါ်အောင်ဆန်းစုကြည် ပြောတာကို နားထောင်ပြီး အောင်ပွဲခံတာတွေ မလုပ်ခဲ့ကြပါဘူး။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစိုးရသစ် တက်လာရင် နိုင်ငံတကာက ထောက်ပံ့ကူညီမှုတွေ အများကြီး လာမှာပဲ၊ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး လာမှာပဲဆိုပြီး အော်ချင်ရာ အော်၊ ပြောချင်ရာ ပြောကြပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကတော့ နိုင်ငံရင်းနှီးမြှုပ်နှံမှုတွေဟာ တိုင်းပြည်နှင့် ပြည်သူရဲ့ အကျိုးကျေးဇူး ဖြစ်ထွန်းမှုကိုပဲ ရှေးရှုမယ်လို့ ပြောဆိုခဲ့ပြီး ဖြစ်ပါတယ်။

အဖြစ်ဟောင်း ပုံပြင်တစ်ခုကို ပြောပါမယ်။ နိုင်ငံခြားက ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံမှာ လက်ကိုင်ဖုန်းများ ဈေးကြီးနေတဲ့ အတွက် လက်ကိုင်ဖုန်းများ တင်သွင်းဖို့ ကမ်းလှမ်းလာတာကို

သက်ဆိုင်ရာ ပုဂ္ဂိုလ်က သူ့အတွက် ဒေါ်လာ ၂ သန်ပေးရမယ်လို့ ဆိုသတဲ့ ။ မယုံရင်လည်း ပုံပြင်ပဲ မှတ်ပေ့ါခင်ဗျာ။

မြန်မာနိုင်ငံကို ရောက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုတွေက သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို စားပွဲအောက်က ပေးရကမ်းရ။ ဒီမှာ ရင်းနှီးမြှုပ်နှံဖို့ ပြောဆိုလည်း အဲဒီပုဂ္ဂိုလ်တွေဆီက ဈေးကြီးပေးဝယ်ရ။ နောက် စက်ရုံအလုပ်ရုံလည်ပတ်ဖို့ လျှပ်စစ်ဓာတ်အား ရရှိဖို့ ပေးရကမ်းရ၊ ဒီကြားထဲ လျှပ်စစ်မရရင် အင်ဂျင်စက်ကို ဒီဇယ်နှင့် ရောင်းပြီး စက်ရုံလည်ပတ်ရ။ ဒါနှင့် တောင် မမြတ်သေးလို့ ဆိုချင်ဆိုနေကြသေးရဲ့ ။

ရွေးကောက်ပွဲအလွန်မှာ ၁ မူလလက်ရှိ လွှတ်တော်အစိုးရဟာ သူတို့ရဲ့ အလုပ်တာဝန် စာရင်းဇယားတွေကို ရှင်းလင်းလုပ်ကိုင်သွားဖို့ လိုတယ်လေ။ ဒါမှ နောက် အစိုးရသစ်လက်ထဲကို တင်ရှိနေသေးတဲ့ ကြွေးက ဘယ်နှကုဋေ၊ မပြီးမြောက်သေးတဲ့ စီမံကိန်းက ဘယ်ဟာတွေဆိုတာကို တရားဝင် လွှဲပြောင်းပေးရဦးမှာ ကိုး။

အဲဒီဝန်ထုပ်ဝန်ပိုးတွေကို လက်ခံယူရမည့် ဒေါ်အောင်ဆန်းစုကြည်ကတော့ စိုးရိမ်ပုံ မရဘူးခင်ဗျ။ ၁၀ နှစ်အတွင်းမှာ အာဆီယံနိုင်ငံတွေရဲ့ ထိပ်တန်းနေရာရောက်အောင် လုပ်ပြမယ်လို့ ဆိုတာကိုလည်း ဖတ်လိုက်ရသေး။

ဘာပဲပြောပြော...

ရွေးကောက်ပွဲအလုပ်မှာ နိစ္စဓူဝ အဖြစ်အပျက် အတွေ့အကြုံတွေ စောင့်ကြည့်ရင်း လုံဖျားပုစဉ်းနား ကျီးကန်းကချေးပါ ဆိုသလို ကြောက်ချေးပါနေတဲ့ လူတွေကလည်း ရှိတယ်ခင်ဗျ။ လုံဖျားမှာ ပုစဉ်းနားလို့ ဘာမှ မဖြစ်ပါဘူး။ ပုစဉ်းက သိပါတယ်။

မောင်မိုးသူ တစ်ယောက်တည်း ရွေးကောက်ပွဲအလွန် အဖြစ်အပျက်များကို စောင့်ကြည့်ရင်း ဆောင်းပါးတွေ ရေးနေရဦးမှာပါပဲ။

**အတွဲ (၄)၊ အမှတ် (၃၈)**
**၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၈**

## ရွေးကောက်ပွဲအလွန် (၃) နှင့် မောင်မိုးသူ

ရွေး ကော က် ပွဲ မှာ NLD က တောင်ပြိုကမ်းပြိုအနိုင်ရပြီး အာဏာရကြံ့ခိုင်က ဘာကြောင့် ဘယ်လို ရှုံးရသလဲဆိုတာ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြပါတယ်။ ဘာပြောပြော NLD က အပြတ်အသတ် အနိုင်ရတာတော့ အမှန်ပါပဲ။ အဲဒီအနိုင်ရမှုကို ဝေဖန်သုံးသပ်သူများက ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ဟာ 'ပြောင်းလဲချိန်တန်ပြီ' ဆိုတဲ့ ကြွေးကြော်သံနှင့် အတူ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် လုပ်ဆောင်ခဲ့ပြီး ပြည်သူလူထုရဲ့ တစ်ခဲနက် ထောက်ခံမှုနှင့် အတူ အောင်မြင်မှုရခဲ့သလို အနှစ် ၅၀ ကျော် ဖိနှိပ်မှုကို မခံရပ်နိုင်တော့ဘဲ ပြည်သူလူထုက အာဏာရပါတီကို တစ်ခဲနက်ဆန့်ကျင် မဲပေးလိုက်တာကြောင့် လည်း ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နှင့် NLD တို့ အနိုင်ရလိုက်ပုံကတော့ ကမ္ဘာအရပ်ရပ် မည်သည့် နိုင်ငံ ဒီမိုရွေးကောက်ပွဲ အစဉ်အလာမှာ တစ်ပါတီတည်းမှ ဒီလောက်အရေအတွက်အများကြီး အနိုင်ရဖူးတယ်ဆိုတာ မရှိခဲ့ဖူးပါဘူး။ အံ့သြချီးကျူးစရာပါပဲ။ ဒေါ်အောင်ဆန်းစုကြည်၊ NLD နှင့် ပြည်သူလူထုရဲ့ အောင်ပွဲလို့ ဆိုရမှာ ဖြစ်ပါတယ်။

အနိုင်ရ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံး လုပ်ရပ်ဟာ လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ သမ္မတ ဦးသိန်းစိန်နှင့်

ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်တို့ ကို တွေ့ဆုံလိုပါကြောင်း ကမ်းလှမ်းလိုက်ခြင်း ဖြစ်ပါတယ်။

ရွေးကောက်ပွဲအောင်စာရင်း ကြေညာဖို့ ၊ ယခင်လွှတ်တော်ဟောင်း လက်ကျန် အစည်းအဝေးတွေလုပ်ဖို့ ၊ အာဏာလွှဲပြောင်းမှုတွေ လုပ်ဖို့ အချိန်တွေ ကြန့်ကြာလိုက်တာလို့ ပြောတဲ့ သူတွေက ပြောကုန်ကြပြီ ဖြစ်ပါတယ်။ မည်သည့် နိုင်ငံ မည်သည့် ရွေးကောက်ပွဲမှ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD တို့လို အပြတ်အသတ် အများ ဆုံး အနိုင်ရရှိဖူးခြင်း မရှိသလိုပဲ ရွေးကောက်ပွဲ ပြီးနောက် အာဏာလွှဲပြောင်းမှုအချိန်ကာလကလည်း အကြာမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။

အာဏာလွှဲပြောင်းတာသာ မလုပ်ရသေးတာ။ အနိုင်ရပြီး မကြာမီမှာ ပင် နိုင်ငံတကာသံတမန် ၄၁ နိုင်ငံက သံတမန်လောင်း ၅၂ ဦးတို့ က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပါတယ်။ ဦးသိန်းစိန် လ က် ထ က် မှာ ပြုလုပ်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးစာချုပ် လက်မှတ် ရေးထိုးမှုမှာ လည်း ၈ ဖွဲ့ကသာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၃ ဖွဲ့က လက်မှတ်ရေးထိုးခြင်း မလုပ်ရသေးပါဘူး။ လက်မှတ်မရေးထိုးရသေးတဲ့ ကချင်နှင့် ရှ မ်း မြော က် ဒေ သ တွေ မှာ ပြင်းထန်တဲ့ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပြီး စစ်ရှောင်ပြည်သူ သောင်းနှင့် ချီ ရွှေ့ပြောင်းနေကြရပါတယ်။ တိုက်ပွဲတွေမှာ တပ်မတော်က လေယာဉ်ရော မြေပြင်မှာ ပါ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ သတင်းများ အရ သိရပါတယ်။

ယခုပုံအတိုင်းတော့ အပစ်အခတ်ရပ်စဲရေးနှင့်

ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးမှုတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစိုးရသစ်လက်ထက်မှ အကောင်အထည်ပေါ်လာနိုင်မှာ ထင်ပါရဲ့ ။

ဦးရွှေမန်း၊ ဦးသိန်းစိန်၊ ကာချုပ် မင်းအောင်လှိုင်တို့ ကို တွေ့ဆုံကြဖို့ ဒေါ်အောင်ဆန်းစုကြည် ကမ်းလှမ်းမှုကို နိုဝင်ဘာလကုန်အထိ၊ ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ကတော့ ၂ ကြိမ်တိုင်တိုင် သီးခြားတွေ့ဆုံခဲ့ကြပြီး သမ္မတဦးသိန်းစိန်နှင့် ကာချုပ် မင်းအောင်လှိုင်တို့ ကတော့ နိုဝင်ဘာ ၂ ရက်နေ့မှ တွေ့ဆုံမယ်လို့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

အလွန်ထူးခြားဆန်းပြားတဲ့ သတင်းကလည်း ရှိသေးတယ်ခင်ဗျ။ အဲဒါကတော့ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေရဲ့ မြေးတော်က မည်သို့မည်ပုံ ဆက်သွယ်တယ် မသိ။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်တောင်းတာကို ဒေါ်အောင်ဆန်းစုကြည်ကလည်း လက်ခံ တွေ့ဆုံသတဲ့ ။ ပထမဒီသတင်းကို NLD အဖွဲ့ချုပ်က သူတို့ မသိကြောင်း ပြောကြားခဲ့ပေမယ့် နိုင်ငံခြား သတင်းဌာနတစ်ခုကို ဒေါ်အောင်ဆန်းစုကြည်က မှန်ကန်ကြောင်း ပြောကြားပြီးတဲ့ နောက် မြေးဖြစ်သူကလည်း ဒေါ်အောင်ဆန်းစုကြည်က သူ့ကို နွေးထွေးစွာ လက်ခံတွေ့ဆုံခဲ့ကြောင်းနှင့် တိုင်းပြည်အကျိုးအတွက် လုပ်ဆောင်ရန် ပြောကြားပါက လုပ်ဆောင်ရန် အသင့်ရှိကြောင်း သူ့ရဲ့ လူမှုကွန်ရက်မှာ တင်ပြခဲ့ပါတယ်။ ဘာတွေ ပြောခဲ့ကြသလဲဆိုတာကတော့ ဘယ်သူကမှ ထုတ်ပြန်ပြောဆိုခြင်း မရှိကြပါဘူး။

ရွေး ကော က် ပွဲ အ လွ န် မှာ အဖြစ်အပျက်သတင်းတွေက အံ့သြကုန်နိုင်ဖွယ်တွေ ပါတယ်ခင်ဗျ၊ အစိုးရရဲ့ အကြွေး ၁၄ ဘီလီယံကို ပိုင်ဆိုင်မှုများ ရောင်းချပြီးဆပ်မယ်လို့ ဝန်ကြီးဟောင်း တစ်ယောက်က

ပြောတယ်ခင်ဗျ။ ဆက်စပ်သတင်းကတော့ အကြွေး ၁၄ ဘီလီယံကို ဆပ်လိုက်ရင်တောင် ဝန်ကြီးဟောင်းရဲ့ ပိုင်ဆိုင်မှုတွေက အများကြီး အများကြီး ကျန်ပါသေးတယ်လို့ ပါးစပ်သတင်းနှင့် ပြောနေတာကိုလည်း ကြားရပါတယ်။

ရွေးကောက်ပွဲ အနိုင်ရ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂျပန် အထူး သံအမတ်ကြီးက လာရောက်တွေ့ဆုံပြီး ဂျပန်ဝန်ကြီးချုပ်က ဒေါ်အောင်ဆန်းစုကြည်ကို ဂျပန်ကို လာရောက်ဖို့ ဖိတ်ကြားကြောင်း ပြောဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် မသွားနိုင်သေးပေမယ့် NLD ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးဉာဏ်ဝင်း သွားရောက်တာကြောင့် ဂျပန်က အကူအညီတွေ အများကြီး ပေးလိုက်တယ်ဆိုပဲ။ ဂျပန်က အဲဒီလိုပေးလိုက်တာကို အားကျမခံ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံရဲအဖွဲ့ကို မော်တော်ယာဉ်အစီးပေါင်း ဘယ်လောက် ပေးလှူလိုက်ကြောင်း ကြေညာတာကို တွေ့ရပါတယ်။

အစိုးရသစ်မဖွဲ့သေးခင် ကူညီချင်သူ၊ လှူဒါန်းချင်သူတွေ များလာလို့ ဝမ်းသာစရာ ဖြစ်ပေမယ့် ပြည်သူလူထုကတော့ ဒေါ်လာဈေးတက်၊ ကုန်ဈေးနှုန်းက တက်လို့ ယက်ကန် ယက်ကန်နှင့် လိပ်ပက်လက်လှန်ဘဝ ရောက်နေပါတယ်။ ဒေါ်လာဈေးတက်လို့ နိုင်ငံခြားက တင်သွင်းရတဲ့ ပစ္စည်းတွေ ဈေးတက်သာမက ပြည်တွင်းက စားသောက်ကုန်ဈေးကလည်း လိုက်တက်၊ ဒီကြားထဲ တစ်သက်လုံး နိုင်ငံခြားကို တင်ပို့နိုင်ခဲ့တဲ့ ကြက်သွန်နီဈေးက ခေါင်ခိုက်သွားပြီး စားသုံးသူတွေ လိုအပ်ချက်ကြောင့် တရုတ်ပြည်က မှာယူတင်သွင်းနေရတယ်လို့ လည်း ဆိုတယ်ခင်ဗျ။

နိုဝင်ဘာလ ၂၈ ရက်နေ့ တော်ဝင်နှင်းဆီခန်းမမှာ ကျင်းပတဲ့ အရွေးခံ ကိုယ်စားလှယ်လောင်းများကို မနက်တစ်ကြိမ် ညနေတစ်ကြိမ် ခေါ်ယူပြီး ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ က စကားပြောခဲ့ပါတယ်။ NLD ပါတီ ခိုင်မြဲရေးအတွက် လျော့ရဲနေတဲ့ စည်းကမ်းများကို ပြင်မယ်လို့ ဦးတင်ဦးက ပြောကြားခဲ့သလို NLD အမတ်များကသာမက အစိုးရအဖွဲ့ဝင်ဖြစ်လျှင် လစာထက်ဝက်ပဲရမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားပါတယ်။

တစ်ဆက်တည်းမှာ NLD ကိုယ်စားလှယ်များက အခြေခံဥပဒေတွေ၊ သည် အဖွဲ့ချုပ် စည်းကမ်းဥပဒေတွေကို ကျေညက်အောင် လေ့ကျင့်ပြီး စာတွေ ကျက်ရမယ်၊ စာမေးပွဲတွေ ဖြေရမယ်လို့ လည်း ပြောသေးတယ်ခင်ဗျ။ နောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် မိမိတို့ အရွေးခံနယ်မြေတွေမှာ အမှိုက်ကောက်တဲ့ အလုပ်ကိုလည်း လုပ်ရမယ်လို့ ညွှန်ကြားပါတယ်။

တပည့်မမွေးကြဖို့ ဥပဒေချိုးဖောက်ရင် အရေးယူခံရမှာ ပဲလို့ လည်း ပြောပါတယ်။ ဦးတင်ဦးတို့ ဒေါ်အောင်ဆန်းစုကြည်တို့ ကတော့ ဆန်ရင်းနာနာဖွပ်၊ ကိုယ့်လူကိုယ့်အဖွဲ့ကို စည်းကမ်းတကျဖြစ်အောင် တည်ဆောက်ဖို့ ကြိုးစားလာတာကို တွေ့မြင်ရပါတယ်။

ရွေးကောက်ပွဲအလွန် ၃ မှာ မောင်မိုးသူ တွေ့မြင်သိထားသမျှတွေကို သုံးသပ်တင်ပြရတာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲအလွန်တွေ ဘယ်လာက်ရေးရဦးမလဲ။ ဘယ်လောက် ထူးခြားဆန်းပြားတဲ့ သတင်းတွေ တွေ့ရဦးမလဲ ဆိုတာတော့ ငွေရောင်ပိတ်ကား အဲလေ မြန်မာသံတော်ဆင့်စာမျက်နှာတွေပေါ်မှာ စောင့်မျှော်ကြည့်ကြပါလို့ ။

# ရွေးကောက်ပွဲအလွန် (၄)နှင့် မောင်မိုးသူ

ရွေးကောက်ပွဲအလွန်အကြောင်းရေးရင်း သမ္မတ၊ ကာချုပ်တို့ နှင့် မတွေ့ခင် ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံတဲ့ သတင်းကို အရင်ရေးရမယ် ထင်ပါတယ်။ ပြီးခဲ့တဲ့ အပတ်ရေးခဲ့ချိန်က မြေးလေးနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမှုကို အတည်ပြုခြင်း မရှိသေးတာကြောင့် သမ္မတ၊ ကာချုပ်တို့ နှင့် တွေ့ဆုံတာကို ရေးလိုက်ရတာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့ ပါတီ NLD အနိုင်ရပြီးတဲ့ နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်း၊ သမ္မတဦးသိန်းစိန်နှင့် ကာချုပ် မင်းအောင်လှိုင်တို့ ကို တွေ့လိုကြောင်း သီးခြားစာတစ်စောင်စီ ရေးသားပေးပို့ခဲ့ပါတယ်။ အရင်ဆုံး တုံ့ပြန်သူကတော့ ဦးရွှေမန်းပဲ ဖြစ်ပါတယ်။ ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂ ကြိမ်လောက် တွေ့ဆုံပြီးတဲ့ တိုင် သမ္မတနှင့် ကာချုပ်တို့ က တုံ့ဏှိဘာဝေ ဘာမှ အကြောင်း မပြန်သေးပါဘူး။ တစ်ကြိမ်တည်းမှာ မှ မြေးလေးက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့လိုကြောင်း အကြောင်းကြားတာကို ဒေါ်အောင်ဆန်းစုကြည်ကလည်း လက်ခံတွေ့ဆုံကြောင်း နိုင်ငံခြား သတင်းစာက ပထမ ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီသတင်းကို အိမ်သားတွေက NLD တာဝန်ရှိသူများကို စုံစမ်းမေးမြန်းရာ

မသိကြောင်းဘဲ ပြောဆိုခဲ့ပါတယ်။ တကယ့်တကယ်က ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခွင့် တောင်းခံထားသူများ ဟာ ဦးရွှေမန်း၊ သမ္မတနှင့် ကာချုပ်တို့ နဲ့ ပဲ ဖြစ်ပါတယ်။ ဦးရွှေမန်းနှင့် ပဲ ၂ ကြိမ်လောက် တွေ့ရပြီး သမ္မတ၊ ကာချုပ်တို့ က တုံဏှိဘာဝေ ဖြစ်နေချိန်မှာ ကြားဖောက် ဝင်ရောက်လာတဲ့ သတင်းက မြေလေးနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့တယ်ဆိုတဲ့ သတင်းပါပဲ။ တကယ်တော့ မြေလေးဟာ ဘာနိုင်ငံရေးတာဝန်မှ ရှိသူ မဟုတ်လေတော့ သူ့ကို ဒေါ်အောင်ဆန်းစုကြည် လက်ခံတွေ့စရာ မလိုဘူးလို့ ပြောတဲ့ သူတွေက ပြော၊ ဒါပေမဲ့လည်း သူ့အဘိုး ဗိုလ်ချုပ်မှူးကြီး ဦးသိန်းရွှေကတော့ ရာထူးက အနားယူပြီးလို့ ကြေညာပြီးသည့် တိုင် သူ့တပည့် တပန်းများကို နောက်ကွယ်မှ ကြိုးကိုင်နေသေးသူလို အပြောအဆိုခံနေရသူ ဖြစ်လေတော့ မြေးလေးဟာ သူ့အဘိုးကိုယ်စား လာရောက်တွေ့ဆုံတာ ဖြစ်မယ်လို့ ဝေဖန်ပြောဆိုတာတွေလည်း ရှိပါတယ်။ တစ်ချိန်တည်း တပည့်တွေနှင့် ပဲ လွှတ်ထားလို့ မဖြစ်တော့ဘူး။ သွေးသားရင်း မြေးလေးကို လွှတ်မှ ဖြစ်မယ်လို့ ဝေဖန်ကြသူများ လည်း ဝေဖန်ကြပါတယ်။

ပထမ ဒေါ်အောင်ဆန်းစုကြည်နှင့် မြေးလေးတွေ့ဆုံမှုကို ပထမဆုံး ဒေါ်အောင်ဆန်းစုကြည်က မှန်ကန်ကြောင်း သတင်းဌာနတစ်ခုမှာ ပြောကြားပြီးတဲ့ နောက် မြေးလေးကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် သူတို့ ကောင်းမွန်စွာ တွေ့ကြောင်း၊ သူ့အနေနှင့် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သူ့ရဲ့ လူမှုကွန်ရက်အပေါ်မှာ တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။

အဲသလို အဲသလို မြေးကလေးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှု သေချာပြီးသည့် နောက်မှ သမ္မတနှင့် ကာချုပ်တို့ က

ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်ရက်တည်း မနက်ပိုင်းမှာ သမ္မတ၊ နေ့ခင်းပိုင်းမှာ ကာချုပ်တို့ က လက်ခံတွေ့ဆုံတာ ဖြစ်ပါတယ်။

သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုဟာ ၄၅ မိနစ်၊ ၁ နာရီနီးပါးသာ ကြာမြင့်ပြီး တွေ့ကြစဉ်မှာ သမ္မတကြီးဘက်မှ ဦးရဲထွဋ်၊ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ လည်း အဖော်ပါတာ သတိထားမိပါတယ်။ သမ္မတကြီး ဦးသိန်းစိန်က အာဏာလွှဲပြောင်းပေးမှုကို အေးဆေးစွာ လုပ်ကိုင်ပေးမည် ဖြစ်ကြောင်း ဦးရဲထွဋ်က ထုတ်ပြန်ခဲ့ပါတယ်။

သမ္မတကြီး ဦးသိန်းစိန်ကတော့ လက်ရှိအစိုးရဟောင်းရဲ့ သမ္မတကြီး၊ အာဏာရကြံ့ခိုင်ရဲ့ ဥက္ကဋ္ဌကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်ခိုင်ဖြိုးပါတီကလည်း ရှုံး၊ အစိုးရအဖွဲ့ကလည်း နောက်တက်မည့် အစိုးရသစ်ကို လွှဲပြောင်းပေးရမှာ ဖြစ်တဲ့ အတွက် သမ္မတကြီး ဦးသိန်းစိန်ရဲ့ တာဝန်၊ အခန်းကဏ္ဍကတော့ဖြင့် အာဏာလွှဲပြောင်းပြီးတာနဲ့ ကုန်ဆုံးပြီ ဖြစ်ပါတယ်။ ပြည်ခိုင်ဖြိုးပါတီ ဥက္ကဋ္ဌကြီးအနေနှင့် ပြည်ခိုင်ဖြိုးပါတီကို ပြန်လည်စုစည်းဖို့ ကြိုးစားဖို့ ပဲ ရှိပါတယ်။

ကာချုပ်ကြီး မင်းအောင်လှိုင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကြရာမှာ တော့ နှစ်ယောက်တည်း တွေ့ဆုံကြတာ ဖြစ်ပါတယ်။ ကာချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဟာ ၆ ပွင့်ဆိုင်၊ ၄ ပွင့်ဆိုင် စသည် အားဖြင့် တွေ့ဆုံကြဖူးပေမယ့် နှစ်ယောက်တည်း တွေ့ဆုံမှုကတော့ ဒါ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ လက်ရှိ မြန်မာ့နိုင်ငံရေးမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တပ်မတော်ရဲ့ ကိုယ်စားလှယ်လောင်းများ ဟာ အရွေးခံစရာ မလိုဘဲ ၂၅ ရာခိုင်နှုန်း

လွှတ်တော်ထဲမှာရောက်ရှိပြီး ဖြစ်ပါတယ်။ အခြေခံဥပဒေအရ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ တာဝန်များကို တပ်မတော်က ခန့်ထားနိုင်ခွင့် ရှိနေပါတယ်။ ဒီတော့ ကာချုပ်ဟာ ၇၅ ရာခိုင်နှုန်းသော နေရာများမှာအများ စု အနိုင်ရလာတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD ပါတီနှင့် ညှိနှိုင်းအဖြေရှာကြဖို့ ရှိနေပါတယ်။ အဲဒီဆွေးနွေးပွဲအပြီးမှာ ကာကွယ်ရေးဦးစီးချုပ်က ဆွေး နွေး ပွဲ မှာအဆင်ပြေကြောင်း မော်တော်ကားပေါ်မတက်ခင် ပြောသွားတာကို မြင်တွေ့လိုက်ရပါတယ်။

သမ္မတကြီးက အာဏာချောမွေ့စွာ လွှဲပြောင်းပေးမယ်လို့ လည်း ပြောပြီးနေပါပြီ။ ကာချုပ်ကလည်း တွေ့ဆုံဆွေးနွေးမှုများ အဆင်ပြေပါတယ်လို့ ပြောပြီးနေပါပြီ...

ဒါပေမဲ့... ဒါပေမဲ့

ရွေးကောက်ပွဲအလွန် လက်ရှိလွှတ်တော်အစိုးရရဲ့ နောက်ဆုံးလုပ်ဆောင်မှုများကို စခန်းရပ်ပြီး နောက်အစိုးရသစ်ကို လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာလည်း လက်ရှိအစိုးရရဲ့ ပွစာတိုးနေတဲ့ စီမံကိန်းတွေ၊ ငွေကြေးသုံးစွဲမှု အဆင်မပြေဖြစ်နေတဲ့ စီမံကိန်းတွေ၊ ခုံးကျော်တံတားတွေ၊ အလိုလေးလေး မြကျွန်းသာတို့ ဘာတို့ နိုင်ငံတကာ ကြွေးမြီစာရင်း ဘယ်လောက်ဆိုတာတွေ တစ်ပုံတစ်ခေါင်းကြီး ရှင်းလင်းဖို့ တာဝန် ရှိနေပါသေးတယ်။ ဒါတွေအားလုံးဟာ ဒီဇင်ဘာလကုန်၊ ဇန်နဝါရီလဆန်းမှာ အပြီးအပြတ် ဖြေရှင်းလုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။

ဒီကြားထဲ ထူးခြားမှုဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။

အဲဒါကတော့ ဒီဇင်ဘာ ၄ ရက်နေ့မှာ ယခင်ဗိုလ်ချုပ်ကြီးဟောင်း ဦးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကြခြင်းပဲ ဖြစ်ပါတယ်။ တွေ့ဆုံမှုအပြီးမှာ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေက အနိုင်ရ ဒေါ်အောင်ဆန်းစုကြည်ဟာ ခေါင်းဆောင်သစ်ဖြစ်ကြောင်း အသိအမှတ်ပြုတဲ့ သဘော ထုတ်ပြန်မှုများ ရှိသလို ဒေါ်အောင်ဆန်း စုကြည်ကလည်း ဦးသန်းရွှေနှင့် တွေ့အပြီး သူ့ရဲ့ အနိုင်ရ ကိုယ်စားလှယ်လောင်းတွေနှင့် တွေ့ဆုံရာမှာ ပြီးခဲ့တဲ့ လုပ်ရပ် ပြစ်မှုတွေကို အာဃာတ မထားဘဲ အနာဂတ်တိုင်းပြည် ကောင်းစားရေးအတွက် ရှေးရှုလုပ်ကိုင်သွားကြမယ့်အကြောင်း ပြောဆိုတာတွေ တွေ့လိုက် ရပါတယ်။ သဘောသဘာဝအရ တိုင်းပြည်ခေါင်းဆောင်မှုကို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်မှုကို သဘောတူညီသည့် သဘောရှိပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြီးခဲ့သော ကိစ္စများကို အာဃာတမထား၊ တိုင်းပြည်ကောင်းကျိုးပဲ ရှေးရှုမည့် သဘော ဆောင်ပါတယ်။ တစ်နည်းအားဖြင့် တပ်မတော်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နားလည်သဘောတူညီမှု ရရှိတဲ့ သဘောကို ဆောင်တာ တွေ့ရပါတယ်။ ဒါပေမဲ့လည်း အခုပြောဆိုခဲ့ကြတာတွေက နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီကြပုံ ရတာတွေသာ ရှိပါသေးတယ်။ လက်တွေ့ အကောင်အထည်အဖြစ်တော့ ပေါ်မလာသေးတာတော့ ရွေးကောက်ပွဲအလွန် ဆောင်းပါးတွေကို စောင့်ကြည့်ပြီး ရေးနေရမည့် သဘော ရှိနေပါတယ်။

အဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစိုးရသစ်လက်ထက်မှာ မျှော်လင့်ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး အများကြီး ရမယ်လို့ အားလုံးက မျှော်လင့်နေကြပါတယ်။ ပြီးခဲ့သောကာလများက မြန်မာနိုင်တွင်းသို့ ရင်းနှီးမြှုပ်နှံမှု အများ ဆုံး လုပ်ခဲ့တဲ့ နိုင်ငံဟာ

တရုတ်နိုင်ငံဖြစ်ပြီး ယခု ဒေါ်အောင်ဆန်းစုကြည်နှင့် မဟာမိတ်ဖြစ်ရေး အကောင်းဆုံးဟာ အမေရိကန်ပြည်ထောင်စု ဖြစ်လေတော့ မြန်မာနိုင်ငံတွင်းမှာ တရုတ်နှင့် အမေရိကန်တို့ အပြိုင်အဆိုင် ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မှန်းထားခဲ့ကြလေတော့ လက်တွေ့မှာ တော့ တရုတ်နှင့် ဂျပန်တို့ ဟာ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကိစ္စတေမှာ ပေါ်ပေါ်တင်တင် လှုပ်ရှားမှုများ ပြုလုပ်လာတာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံဟာ စစ်အစိုးရလက်ထက် မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှု ပြုလုပ်နေသည့် အကြားမှ ပင် ဖွံ့ဖြိုးမှုများ ၊ အကူအညီပေးမှုများ လုပ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ပါတီ အနိုင်ရပြီး နောက် ပထမဆုံး ဂျပန်နိုင်ငံကို အလည်အပတ် လာရောက်ရန် ဖိတ်ကြားခဲ့တာဟာလည်း ဂျပန်နိုင်ငံပဲ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် မသွားဖြစ်သေးပေမယ့် ဦးဉာဏ်ဝင်း သွားရောက်ခဲ့ပြီး ဂျပန်က အကြွေးတွေ လျှော်၊ ထောက်ပံ့မှုတွေ အများကြီး ပေးမယ်လို့ သိခဲ့ရပါတယ်။ တစ်ချိန်တည်းမှာ တရုတ်နိုင်ငံကလည်း လက်ရှိ တရုတ်သံအမတ်နှင့် တောင် အားမရတော့ဘဲ အထူးသံအမတ်တွေလွှတ်၊ တွေ့ဆုံပြီး မြန်မာနိုင်ငံကို ကူညီမည့် အကြောင်း အပြိုင်အဆိုင် လုပ်လာတာ တွေ့ရပါတယ်။

ဒါတွေ ဒါတွေကတော့ ရွေးကောက်ပွဲအလွန် ၄ နှင့် မောင်မိုးသူ ဖြစ်ပါတယ်။

အတွဲ (၄)၊ အမှတ် (၄၀)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ - ၁၈

## ရွေးကောက်ပွဲအလွန် (၅) နှင့် မောင်မိုးသူ

နိုဝင်ဘာ ၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ NLD က အပြတ်အသတ် အနိုင်ရပြီး ကြံ့ခိုင်ကတော့ အပြတ်အသတ် ရှုံးနိမ့်ခဲ့ပါတယ်။ ဘာကို ပြတာလဲဆိုတော့ ပြည်သူရဲ့ ဆန္ဒ၊ ပြည်သူရဲ့ အင်အားကို ပြလိုက်တာပဲ ဖြစ်ပါတယ်။ အနိုင်ရပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်း၊ သမ္မတ ဦးသိန်းစိန်၊ ကာချုပ်မင်းအောင်လှိုင်တို့ နှင့် တွေ့ဆုံခွင့် တောင်းခဲ့ပါတယ်။ ဦးရွှေမန်းဟာ တန်ပြန်တွေ့ဆုံပြီး သမ္မတနှင့် ကာချုပ်တို့ က အမြန်အဆန် မတုံ့ပြန်ခဲ့ပါဘူး။ ဒီကြားထဲမှာ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေရဲ့ မြေးလေးက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီးခါမှ သမ္မတနှင့် ကာချုပ်တို့ က ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်ရက်တည်းမှာ ပဲ မနက်ပိုင်းမှာ သမ္မတ၊ နေ့ခင်းပိုင်းမှာ ကာချုပ်တို့ က လက်ခံ တွေ့ဆုံခဲ့ကြပါတယ်။ သမ္မတက အဆင်ပြေချောမွေ့သော အာဏာလွှဲပြောင်းပေးဖို့ သဘောတူပါတယ်။ ကာချုပ်ကလည်း လိုအပ်တာ ကူညီမယ်လို့ ဆိုပါတယ်။ ဒီကြားထဲမှာ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂ နာရီကျော် တွေ့ဆုံခဲ့ပါတယ်။ ဦးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်ဟာ အနိုင်ရပါတီခေါင်းဆောင် ဖြစ်ကြောင်း အသိအမှတ်ပြု ပြောဆိုပါတယ်။ ဒီနောက် လက်ရှိအစိုးရနှင့်

အနိုင်ရပါတီတို့ ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ကြပါတယ်။ ဇန်နဝါရီလထဲမှာ ပဲ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်လိမ့်မယ်လို့ ပြောကြပါတယ်။

အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ နှင့် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က အနိုင်ရကိုယ်စားလှယ်များ နှင့် ပြည်သူများ ပူးပေါင်းပြီး ဒီဇင်ဘာ ၁၂ ရက်၊ ၁၃ ရက်နေ့တွေမှာ တစ်ပြည်လုံး အမှိုက်ကောက်ကြဖို့ လှုံ့ဆော်ခဲ့ပါတယ်။ လှုံ့ဆော်ခဲ့တဲ့ NLD ဥက္ကဋ္ဌဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း သူ့ရဲ့ မဲဆန္ဒ နယ်မြေဖြစ်တဲ့ ကော့မှူး မှာ ၁၂ ရက်ညကတည်းက သွားရောက်အိမ်ခဲ့ပြီး ၁၃ ရက်မနက်မှာ တော့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အမှိုက်တွေ ကောက်သိမ်းခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ ပြည်သူလူထုကလည်း တက်ကြွစွာ ပါဝင် အမှိုက်ကောက်ခဲ့ပါတယ်။ အမှိုက်ကောက်ခဲ့သူ အသက် ၄၀ ကျော် ပုဂ္ဂိုလ်တစ်ဦးက သူ့အိမ်မှာ သူ တံမြက်စည်းတောင် မလှည်းခဲ့ဖူးပေမယ့် ဒေါ်အောင်ဆန်းစုကြည်လှုံ့ဆော်မှုကြောင့် သူ ယခု အမှိုက်ကောက်နေတာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ၁၂ ရက်နေ့အထိ လွှတ်တော်မှာ တက်ရတာဖြစ်လို့ ၁၃ ရက်နေ့ကျမှ ကိုယ်တိုင် အမှိုက်ကောက်ခဲ့တာ ဖြစ်ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လှုံ့ဆော်မှုအရ အနယ်နယ်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်ပြီး မြို့ခံလူထုပါ တက်ကြွစွာ ပါဝင်လှုပ်ရှား အမှိုက်ကောက်ခဲ့ပါတယ်။ တော်တော်များများ နေရာတွေမှာ စည်ပင်သာယာရေးမှ မော်တော်ကားတွေ ကူညီတာမျိုး၊ ပါဝင်ကူညီတာမျိုးကိုလည်း

တွေ့ရပါတယ်။ အဲဒီလို အမှို ့က်ကောက်ရာမှာ ပါဝင်ခဲ့တဲ့ သံဃာတော်တစ်ပါးကဆိုရင် ရွေးကောက်ပွဲမှာ မဲမပေးလိုက်ရလို့ အမှိုက်ဝင်ကောက်ပေးရတာ ဖြစ်တယ်လို့ ဆိုပါတယ်။

မောင်မိုးသူတို့ မန္တလေး၊ အမရပူရက ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ ကျောင်းတိုက်တွင်းကို အကြိမ်ပေါင်းများ စွာ ရောက်ဖူးပါတယ်။ မဟာဂန္ဓာရုံကျောင်းဝင်းထဲမှာ အမှို ့က်ဆိုလို့ တစ်စွန်းတစ်စမှ မတွေ့ရဖူးပါဘူး။ ဆရာတော် သံဃာတော်တွေ တစ်ဆောင်တည်း ဆွမ်းဘုဉ်းပေးချိန်တွေမှာလည်း ဇွန်း၊ ခက်ရင်းသံတစ်သံမှ မကြားရခဲ့ဖူးပါဘူး။ အဲဒါဟာ ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ စည်းကမ်းရှိမှု၊ တပည့်သံဃာတွေရဲ့ ဆရာတော်ကြီးရဲ့ အမိန့်ဩဝါဒကို လိုက်နာမှုကြောင့် ဆိုတာ မောင်မိုးသူ မန္တလေးမှာ နေထိုင်စဉ်က တွေ့သိခဲ့ရတာ ဖြစ်ပါတယ်။

ယခု တစ်ပြည်လုံး ကိုယ်စားလှယ်တွေက ဦးဆောင်ပြီး အမှိုက်ကောက်ကြဖို့ NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လှုံ့ဆော်လိုက်တဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ ရောမိဘပြည်သူ၊ ရဟန်းရှင်လူများ အပါအဝင် စည်ပင်ဝန်ထမ်းတွေပါ ပါဝင်ကူညီလုပ်ဆောင်လာသည် ကို တွေ့မြင်ကြရပါတယ်။

ဒါကြောင့် လည်း ၁၃ ရက်၊ ၁၄ ရက်နေ့ သတင်းစာဂျာနယ်တွေအားလုံးမှာ တစ်ပြည်လုံးအနှံ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်သူလူထုတွေ အားလုံး တစ်ခဲနက် ပါဝင် အမှို ့က်ကောက်ကြတာကို တွေ့ရပါတယ်။ တော်တော်များများ နယ်တွေမှာ စည်ပင်က ပါဝင်ကူညီ လုပ်ဆောင်လာတာကို

တွေ့ရပါတယ်။ ဒါတွေအားလုံးဟာ ဘာကိုပြသလဲဆိုရင် ‘ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ စေတနာမှန်နှင့် လှုံ့ဆော်မှုကို ပြည်သူတွေကို တစ်ခဲနက် ပါဝင်လုပ်ဆောင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ဒီတစ်ရက် နှစ်ရက် အမှိုက်ကောက်ကြရုံနှင့် တစ်ပြည်လုံး ရုတ်တရက် ချက်ချင်းကြီး အမှိုက်ကင်းစင်တဲ့ တိုင်းပြည်ကြီး ဖြစ်မသွားမှာ တော့ အသေအချာပါပဲ။ ဒါပေမဲ့ ပထမဆုံး စတင်လှမ်းတဲ့ ခြေလှမ်းဟာ လူသားကလေးငယ်တစ်ဦးရဲ့ အစခရီးလမ်းတစ်လျှောက်လုံး လျှောက်လှမ်းကြမည့် ခရီးရှည်ကြီးရဲ့ အစ ခြေလှမ်းပဲ ဖြစ်ပါတယ်။ ဒီ ၂ ရက်သာမက အပတ်စဉ် လုပ်ဆောင်သွားကြရမှာ ဖြစ်သလို အမှိုက်ကောက်ရာမှာ လိုအပ်တဲ့ အမှိုက်ပုံးများ ၊ အမှိုက်သိမ်းကားများ ဖြည့်ဆည်းပေးဖို့ လိုအပ်သလို အမှိုက်များကို ဘယ်မှာ စုပုံကြမလဲ၊ စုပုံထားတဲ့ အမှိုက်တွေထဲက ဘယ်နည်းဘယ်ပုံ အကျိုးသက်ရောက်မှုတွေ ထုတ်လုပ်နိုင်မလဲ ဆိုတာ လေ့ လာပြီး အမှိုက်ထဲက ရွှေ ဖြစ်တယ်။ ရွှေမဖြစ်တောင် လောင်စာဖြစ်တယ်၊ လောင်စာမဖြစ်တောင် အသစ်တစ်ဖန် ပစ္စည်းဖြစ်တယ်။ ရီဆိုက်ကယ်လိုမျိုး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ဒီအမှိုက်ကောက်လှုပ်ရှားမှုကြီးရဲ့ အဓိကစွမ်းအားကတော့ ပြည်သူတွေရဲ့ ပါဝင်ပတ်သက်မှု တွန်းအားကြီးပဲ ဖြစ်ပါတယ်။ ပြည်သူတွေသာ တကယ်စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်မယ်၊ ကောက်ရိုးမီးလို ခဏမဟုတ်ဘဲ အရှိန်အဟုန်မြင့်မားစွာ တညီတညာတည်း လုပ်ဆောင်ကြရင် အရာရာကို ဖြစ်မြောက်အောင်မြင်နိုင်မှာ ပဲ ဖြစ်ပါတယ်။ စင်ကာပူကို လီကွမ်ယုက အမှိုက်ကောက်ခြင်းနှင့် စတင်ခဲ့ရာက အမှိုက်ကင်းစင်တဲ့ စင်ကာပူနိုင်ငံ ဖြစ်လာခဲ့တာပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ တကယ်ပဲ အမျိုးသားခေါင်းဆောင်ကြီးရဲ့ သမီး၊ တစ်မျိုးသားလုံးက ချစ်ခင်လေးစားခံရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ‘ပြောင်းလဲချိန်တန်ပြီ’ ဆိုတဲ့ ဆောင်ပုဒ်နှင့် ဝင်ခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ နှစ်ပေါင်း ၅၀ ကျော် အာဏာရ ကြံ့ခိုင်ပါတီကို အနိုင်ရခဲ့တာ မဟုတ်ပါလား။

မြန်မာပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမိုက်ကောက်ခြင်းမှ အစပြုပြီး ပြုပြင်ပြောင်းလဲမှုတွေကို ပြည်သူတွေ တစ်ခဲနက် ပါဝင်လုပ်ဆောင်ခဲ့ကြသလို နည်းပညာအထောက်အကူများကိုလည်း ဖြည့်ဆည်းနိုင်ကြမယ်ဆိုရင် အနာဂတ်မြန်မာနိုင်ငံသစ်ကို ဖန်တီးအားထုတ်နိုင်ကြမှာ ဖြစ်ပါတယ်။

တကယ်လိုအပ်နေတာက ပြည်သူ့က ချစ်ကြည်လေးစားပြီး ပြည်သူအတွက်၊ ပြည်သူအကျိုးအတွက် တကယ်ပဲ မယုတ်မလျော့ လုပ်ဆောင်ပေးမည့် ခေါင်းဆောင်တစ်ယောက် လိုအပ်သလို အဲဒီခေါင်းဆောင်ကို ယုံကြည်လေးစားပြီး ပြည်သူက တစ်ခဲနက်ပါဝင်လှုပ်ရှားကြမယ်ဆိုရင်...

ပြည်သူအားနှင့် နိုင်ငံသစ် တည်ဆောက်ကြ။

ရွေးကောက်ပွဲအလွန် ၅ နှင့် မောင်မိုးသူ ပါ။

**အတွဲ (၄)၊ အမှတ် (၄၁)**

**၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၉-၂၅**